***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

## အပိုင်း ၄ ၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး

**သင်ခန်းစာရည်ရွယ်ချက်များ**

**သင်တန်းပြီးဆုံးချိန်၌ သင်တန်းတက်ရောက်သူများအနေနှင့်** -

- ကမ္ဘာလုံးဆိုင်ရာ/အလုံးစုံ လုံခြုံရေးမဟာဗျူဟာ a global security strategy ကို ဖော်ဆောင်ရန်လိုအပ်ကြောင်း လက်ခံအသိအမှတ်ပြုခြင်း၊
- မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများ၊ သတင်းအချက်အလက်များ၊ နစ်နာခံစားရသူ/မျက်မြင်သက်သေများနှင့် အခြားသောသူများအတွက် ဖြစ်လေ့ဖြစ်ထရှိသည့် အန္တရာယ်ခြိမ်းခြောက်မှုများကို ရှာဖွေသတ်မှတ်ဖော်ထုတ်ခြင်း၊
- ရှာဖွေတွေ့ရှိထားသည့် အန္တရာယ်အလားအလာများအား ကာကွယ်ရန်သော်လည်းကောင်း၊ လျော့ပါးသက်သာ စေရန်သော်လည်းကောင်း၊ တုံ့ပြန်ရန်သော်လည်းကောင်း လုံခြုံရေးလုပ်ထုံးလုပ်နည်းများနှင့် အခြားသောအစီအမံများကို ရေးဆွဲ ထည့်သွင်းခြင်း၊

စသည်တို့ကိုလုပ်ဆောင်နိုင်သည့် အနေအထားသို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။

**သင်တန်းကြာမြင့်အချိန်အတွက် အကြံပြုချက်။** ။ မိနစ် ၉၀ မှ ၁၈၀ အထိ

**လေ့ကျင့်ခန်း။** ။ မရှိပါ။

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ သက်ဆိုင်ရာအခန်းကဏ္ဍများ/သင်ခန်းစာများ**

စာမျက်နှာ ၁၀၄ မှ ၁၁၇၊ အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။ အခန်း ၇ - မထိခိုက်စေပါနှင့် Do No Harm။ အခန်း ၉ - အစီအစဉ်ချမှတ်ခြင်း။ အခန်း ၁၀ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သက်သေအမျိုးအစားများ။ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း။ အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။ အခန်း ၁၇ - အမျိုးသားနှင့် ယောကျ်ားငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။ နောက်ဆက်တွဲ (၂) - ခြိမ်းခြောက်မှုအန္တရာယ်အလားအလာအကဲဖြတ်မှုများ ပြုလုပ်ခြင်း။ နောက်ဆက်တွဲ (၅) - အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအတွက် လုပ်ဆောင်ရမည့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ကောင်းမွန်သောအလေ့အထများစာရင်း။ နောက်ဆက်တွဲ (၆) - (လက်ဆွဲအိတ်အတွင်း) ပါဝင်ရမည့် လိုအပ်သည့် အရာများ။

ဤသင်ခန်းစာများအားလုံးတွင် အချက်အလက်မှတ်တမ်းတင်ခြင်း/စုံစမ်းစစ်ဆေးခြင်း ပဏာမလုပ်ဆောင်မှုများကြောင့် မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများ၊ သတင်းအချက်အလက်များ၊ နစ်နာခံစားရသူ/မျက်မြင်သက်သေများ၊ အခြားသောသူများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်အလားအလာတို့အတွက် လက်ရှိခေါင်းစဉ်တစ်ခုလုံးနှင့် အကျုံးဝင်သော ဘေးကင်းလုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက်နှင့် အန္တရာယ်အလားအလာ လျော့ပါးသက်သာစေသည့် မဟာဗျူဟာတို့ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် ၎င်း၏ အချက်အချာကျ အရေးပါမှုကို ထည့်သွင်းစဉ်းစားထားသော ယခုသင်ခန်းစာသည် ဘေးကင်းလုံခြုံရေး ပြဿနာများကို အထူးပြုကိုင်တွယ်ဖြေရှင်းပြီး၊ ထည့်သွင်းစဉ်းစားရန် အနိမ့်ဆုံးလိုအပ်သည့် လမ်းညွှန်ချက်တို့ကို အလေးပေးဖော်ပြထားသည်။ အထူးသဖြင့် ၎င်းသည် အခန်း (၇) [မထိခိုက်စေပါနှင့်] နှင့် အခန်း (၉) [အစီအစဉ်ချမှတ်ခြင်း] တို့ဖြင့် နီးကပ်စွာချိတ်ဆက်နေပြီး ဤသင်ခန်းစာသုံးခုစလုံးတွင် အနည်းငယ်ကွဲပြားသော ရှုထောင့်တို့က တင်ပြထားသည့် မရှိမဖြစ်လိုအပ်သကဲ့သို့ တစ်ခါတရံ ထပ်တူအကျုံးဝင်သော လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားစရာများ ပါရှိသည်။ အခန်း (၇) တွင် ခြိမ်းခြောက်မှုအန္တရာယ်အလားအလာ အကဲဖြတ်မှုများနှင့် ၎င်းတို့ကို လုပ်ဆောင်ရန် လိုက်နာရမည့် နည်းစနစ်များကို သတ်မှတ်သုံးသပ်ထားသည်။ ထိုအကဲဖြတ်မှုနှင့် ပတ်သက်၍ နောက်ဆက်တွဲ (၂) [ခြိမ်းခြောက်မှုအန္တရာယ်အလားအလာ အကဲဖြတ်မှုများ ပြုလုပ်ခြင်း] တွင် အသေးစိတ်အကျယ်ချဲ့ ဖော်ပြထားသည်။ အခန်း (၉) သည် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အချက်အလက်မှတ်တမ်းတင်ခြင်း တစ်စုံတစ်ခု မစတင်မီ သင်၏ ပဋိပက္ခ၊ ရက်စက် ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (CARSV) မှတ်တမ်းတင်ခြင်း အစီအစဉ်အတွင်း သုသေသနပြု၊ အကဲဖြတ်ထည့်သွင်းရမည့် ပဏာမပြဿနာများထဲမှ တစ်ခုဖြစ်သည့် အန္တရာယ်အလားအလာနှင့် ပတ်သက်၍ အကျုံးဝင်ပါသည်။ ရှေ့၌ ဖော်ပြခဲ့သည့်အတိုင်း ဤသင်ခန်းစာများကို သင်ကြားပို့ချသူသည် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်များကို စီစဉ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတွင် အတွေ့အကြုံရှိသင့်သည်။

ခိုင်ခံ့သော လုံခြုံရေးအစီအမံများ မချမှတ်ထားဘဲ သက်သေအထောက်အထား စုဆောင်းခြင်းဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ခြင်းသည် လုပ်ငန်းတစ်ခုလုံးပျက်သုဉ်းစေနိုင်ပြီး နစ်နာခံစားရသူများ/မျက်မြင်သက်သေများအပြင် ၎င်းတို့၏ မိသားစုဝင်များ၊ သူငယ်ချင်းများ၊ ကြားခံလူများ၊ စကားပြန်များ၊ ယာဉ်မောင်းများ စသည်တို့ပါဝင်သော မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်အတွင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်သူတို့အတွက် ကြီးမားသောအန္တရာယ်ဖြစ်စေနိုင်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

ထို့ကြောင့် ယခုသင်ခန်းစာ သို့မဟုတ် သင်ခန်းစာပါ အစိတ်အပိုင်းများသည် မည်သို့သော CARSV မှတ်တမ်းတင်ခြင်း လေ့ကျင့်ရေးအစီအစဉ်တွင်မဆို တစ်စိတ်တစ်ပိုင်း ပါဝင်သင့်သည်။

သင်တန်းပို့ချသူသည် သင်တန်းတက်ရောက်သူများအား အချက်အလက်မှတ်တမ်းတင်ခြင်း/စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်တစ်ခု၏ (ဂရုစိုက်ရန်တာဝန် အပါအဝင်) လုံခြုံရေးရှုထောင့်နှင့် သက်ဆိုင်သည့် ဥပဒေများကို သုတေသနပြုရန်အတွက် သတိပေးရန် အလွန်အရေးကြီးပါသည်။ အချို့သောနိုင်ငံများတွင် အချက်အလက် မှတ်တမ်းတင်သူများ သို့မဟုတ် ၎င်းတို့အဖွဲ့အစည်းများ၏ ဂရုစိုက်ရန်တာဝန်နှင့်/သို့မဟုတ် အခြားသော လုံခြုံရေးဆိုင်ရာ ဥပဒေရေးရာ တာဝန်ဝတ္တရားများသည် ၎င်းတို့ ထင်ထားသည်ထက် ပိုမိုကျယ်ပြန့်နိုင်သကဲ့သို့ ပို၍လည်းကျဉ်းမြောင်းကောင်း ကျဉ်းမြောင်းနိုင်သည်။ ထို့အပြင် ဆက်စပ်ရာအကြောင်းအရာပေါ်မူတည်၍ အဆိုပါဥပဒေများသည် အချက်အလက်မှတ်တမ်းတင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်ပြုလုပ်ရာ နိုင်ငံ၏ဥပဒေ သော်လည်းကောင်း၊ ထိုလုပ်ငန်းစဉ်ကို လုပ်ဆောင်သည့် အဖွဲ့အစည်းတည်ရှိရာ နိုင်ငံ၏ဥပဒေသော်လည်းကောင်း၊ သတင်းအချက်အလက်/သက်သေအထောက်အထားများထားရှိရာ နိုင်ငံ၏ဥပဒေသော်လည်းကောင်း သို့မဟုတ် နိုင်ငံတကာဥပဒေလည်း ဖြစ်နိုင်သည်။ ဤဥပဒေများချည်းသာမဟုတ်ဘဲ ဖြစ်နိုင်လျှင် အချက်အလက်မှတ်တမ်းတင်သူများနှင့် မှတ်တမ်းတင်ခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ် ပဏာမလုပ်ဆောင်မှုများတွင် ပါဝင်ပတ်သက်သည့် အခြားသူများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးနှင့်စပ်လျဉ်းသည့်ဥပဒေ၊ လုံခြုံရေးဆိုင်ရာ မတော်တဆမှုများကြောင့် နစ်နာခံစားရသူများ၏ အကျိုးစီးပွားအတွက် လူမှုစိတ်ပိုင်းဆိုင်ရာနှင့် အခြားတုံ့ပြန်မှုများဆိုင်ရာ ဥပဒေနှင့် ဒေတာအချက်အလက် လုံခြုံရေး/သီးသန့်တည်ရှိရေးအတွက် ဥပဒေများလည်း ဖြစ်နိုင်သည်။ သက်ဆိုင်ရာဥပဒေကို အလုံးစုံခြုံငုံသည့် လုံခြုံရေးမဟာဗျူဟာ (တစ်နည်းအားဖြင့် အချက်အလက်မှတ်တမ်းတင်ခြင်း/စုံစမ်းစစ်ဆေးမှု အစီအစဉ်ချခြင်း လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်) ရေးဆွဲရာ၌ ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းသည် မှတ်တမ်းတင်သူများနှင့်/သို့မဟုတ် ၎င်းတို့အဖွဲ့အစည်းများ၏ တရားဝင်တာဝန်ရှိမှု၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပျက်စီးယိုယွင်းမှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။

သင်တန်းကာလတစ်လျှောက်လုံးတွင် သင်တန်းပို့ချသူသည် သင်တန်းတက်ရောက်သူတို့နှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ၎င်းတို့ကိုယ်တိုင် လက်ခံနိုင်သည့် အန္တရာယ်အလားအလာအဆင့်သည် ၎င်းတို့၏ဆိုင်ရာဆိုင်ရာ အဖွဲ့အစည်းများက လုံခြုံရေးဆိုင်ရာထည့်သွင်းစဉ်းစားပုံတို့နှင့် ကိုက်ညီမှုရှိမရှိကိုသော်လည်းကောင်း၊ အချို့သောအလေ့အကျင့်များနှင့် အဆင်ပြေမပြေကိုသော်

လည်းကောင်း၊ ကွဲလွဲနေသောအမြင်များအား ကိုင်တွယ်ဖြေရှင်းပုံကိုသော်လည်းကောင်း၊ တိုးတက်အောင် လုပ်နိုင်သည့် အဓိကကျသောကဏ္ဍများကိုသော်လည်းကောင်း မည်သို့ချဉ်းကပ်ဆောင်ရွက်နေသည်ကို အကဲဖြတ် ဆွေးနွေးတိုင်ပင်ရန် သင်တန်းသားများအား အားပေးတိုက်တွန်းသင့်သည်။ အဖွဲ့အစည်းများစွာတွင် လုံခြုံရေးဆိုင်ရာ အစီအစဉ်များအား စီမံခန့်ခွဲမှုသည် အထူးသီးခြားတာဝန် ခန့်အပ်ထားသည့် ပုဂ္ဂိုလ်specialised focal points များ၏တာဝန်ဖြစ်ပြီး အချက်အလက်မှတ်တမ်းတင်သူများ၏ တရားဝင်လုပ်ပိုင်ခွင့်ပြင်ပတွင် ရှိသော်ငြားလည်း သင်တန်းတက်ရောက်သူများသည် အဆုံး၌ အချက်အလက်မှတ်တမ်းတင်သူတို့အနေဖြင့် ၎င်းတို့၏ကိုယ်တိုင် လုံခြုံရေးနှင့် အချက်အလက်မှတ်တမ်းတင်ခြင်းကြောင့် အန္တရာယ်အလားအလာရှိလာနိုင်သူများဖြစ်သည့် ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များ၊ နစ်နာခံစားရသူများ/မျက်မြင်သက်သေများ စသည်တို့၏ လုံခြုံရေးနှင့်ပတ်သက်၍ တာဝန်ရှိပြီး ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်သင့်သည်ဟု သင်တန်းပို့ချသူက အလေးပေးထောက်ပြသင့်သည်။ ဤအပိုင်းသည် မည်သူမျှ ရှက်ရွံ့နေ၍ မရသော အပိုင်းဖြစ်ပြီး သင်တန်းတက်ရောက်သူများသည် မည်သည့်အချိန်၌မဆို သက်တောင့်သက်သာမရှိဘဲ အဆင်မပြေမှုကို ခံစားရပါက ဖွင့်ဟပြောဆိုရန် အခွင့်အာဏာပေးထားရမည့် နေရာဖြစ်သည်။ အန္တရာယ်အလားအလာများသော ပတ်ဝန်းကျင်များတွင် လုပ်ကိုင်လေ့ရှိသော အတွေ့အကြုံရင့် မှတ်တမ်းတင်သူများအတွက် မိမိဘာသာကျေနပ်အားရနေမှုသည် ၎င်းတို့၏ အကြီးမားဆုံးရန်သူ ဖြစ်နိုင်သည်။

သင်တန်းကာလတစ်လျှောက်လုံးတွင် သင်တန်းပို့ချသူသည် သင်တန်းသားများအား ၎င်းတို့၌ ရှိသော လုံခြုံရေးဆိုင်ရာ အစီအစဉ်များအား စီမံခန့်ခွဲမှု သို့မဟုတ် ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာအကဲဖြတ်မှု လုပ်ဆောင်ဖူးသည့် အတွေ့အကြုံကို သော်လည်းကောင်း၊ နစ်နာခံစားရသူများ/မျက်မြင်သက်သေများအပေါ်ဖြစ်စေ၊ ဝန်ထမ်းများအပေါ်ဖြစ်စေ၊ အခြားသောသူများအပေါ်ဖြစ်စေ၊ အချက်အလက်များအပေါ်ဖြစ်စေ အန္တရာယ်အလားအလာအကဲဖြတ်မှု ပျက်ကွက်ခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များနှင့် ပတ်သက်သည့် အတွေ့အကြုံကို သော်လည်းကောင်း (ရှိပါက) ဆွေးနွေးတိုင်ပင်ရန် အားပေးတိုက်တွန်းသင့်သည်။ အကယ်၍အဖွဲ့သည် ကျွမ်းကျင်အတတ်ပညာရှင်ဆန်သည့် အခြေအနေအောက်တွင် ဤပြဿနာရပ်များနှင့် ပတ်သက်ပြီး အတွေ့အကြုံများစွာမရှိပါက ၎င်းတို့အား ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏ မိသားစု၊ အခြားသောသူများအတွက် ဖြစ်နိုင်ချေရှိသည့် အန္တရာယ်အလားအလာများအပေါ် မည်ကဲ့သို့ ဂရုတစိုက်အကဲဖြတ်သုံးသပ်ရမည်ကို စဉ်းစားရန် အားပေးတိုက်တွန်းသင့်သည်။ အကယ်၍ ၎င်းတို့သည် အာမခံထားခြင်းသော်လည်းကောင်း၊ ထီးကိုင်ဆောင်သွားခြင်းသော်လည်းကောင်း၊ အိမ်တံခါးများသော့ခတ်ရန် ဆုံးဖြတ်ခြင်းသော်လည်းကောင်း လုပ်ဆောင်ခဲ့ဖူးပါက၊ ၎င်းတို့အနေနှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အန္တရာယ်အလားအလာအကဲဖြတ်မှုတစ်ခုကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ (လက်စားချေခြင်း၊ ငြင်းဆိုခြင်း၊ အကျဉ်းချခြင်းတို့ကဲ့သို့) အခြားသောရာဇဝတ်မှုများထက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့် နစ်နာခံစားရသူ သို့မဟုတ် ၎င်းတို့၏ မျက်မြင်သက်သေများအတွက် သော်လည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်များ၊ (ပြည်သူ့စစ်များအပါအဝင်) လက်နက်ကိုင်တပ်ဖွဲ့များ၊ အခြားနိုင်ငံတော်အရာရှိများ၊ အင်အားကြီးခေါင်းဆောင်များ (အထူးပစ်မှတ်ထားခြင်း၊ တရားစီရင်ရေးဆိုင်ရာ နှောင့်ယှက်ခြင်း၊ သင်၏လုပ်ငန်းလုပ်ပိုင်ခွင့်လိုင်စင်ကို ရုပ်သိမ်းခြင်း အစရှိသည်တို့ကို လုပ်ဆောင်နိုင်သူများ) က ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းတင်ရာတွင် ပါဝင်သူများနှင့် မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများအတွက်သော်လည်းကောင်း တိကျသော သို့မဟုတ် သာ၍ပြင်းထန်သော ထူးထူးခြားခြား ထိခိုက်နိုင်သည့် ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာတို့ ရှိနိုင်သဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အချက်အလက်မှတ်တမ်းတင်ခြင်း လုပ်ဆောင်သည့်အခါတွင် ဤအန္တရာယ်အလားအလာအကဲဖြတ်မှုသည် အထူးအရေးကြီးကြောင်းကို သင်တန်းပို့ချသူက အလေးပေး ပြောကြားသင့်သည်။

အကောင်းဆုံးသောအလေ့အထကို ရရှိရန် နောက်ဆက်တွဲ (၅) [အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအတွက် လုပ်ဆောင်ရမည့် ကောင်းမွန်သောအလေ့အထများစာရင်း] တွင် အသေးစိတ်အကျယ်ချဲ့ ဖော်ပြထားသည့်အတိုင်း အဖွဲ့အစည်းများ၏ အစီအမံများကို (ကိုယ်ရေးကိုယ်တာ လုံခြုံရေး၊ လူသားအရင်းအမြစ်၊ အဆောက်အအုံနှင့် ရုံးလုံခြုံရေး၊ အစီအစဉ်များရွေးချယ်စီစဉ်ရေး၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဒေတာအချက်အလက်၊ ကျန်းမာရေးနှင့် ကျန်းမာကြံ့ခိုင်ခြင်း တို့ကဲ့သို့) နယ်ပယ်အားလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်လိုအပ်သည်။ လုံခြုံရေးဆိုင်ရာ အန္တရာယ်အလားအလာစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်မှာ ရှာဖွေတွေ့ရှိထားသည့် အန္တရာယ်အလားအလာများကို လျော့ပါးသက်သာစေရန်နှင့် ၎င်းတို့ကို လက်ခံနိုင်သော အဆင့်သို့ လျှော့ချရန်ဖြစ်သည်။ လက်ခံနိုင်သော အန္တရာယ်အလားအလာအဆင့်သည် အဖွဲ့အစည်း သို့မဟုတ် လူတစ်ဦးတစ်ယောက်အပေါ် မူတည်ပြီး (ခြိမ်းခြောက်မှု၊ နိုင်ငံရေးအခင်းအကျင်း၊ ကိုယ်ရေးကိုယ်တာအခြေအနေ၊ ကျူးလွန်သူများ စုံစမ်းစစ်ဆေးခံရခြင်း စသည့်တို့၏ အပြောင်းအလဲများကဲ့သို့) အမျိုးမျိုးသော အကြောင်းအရင်းများကြောင့် အချိန်နှင့်အမျှ အမြဲတစေ ပြောင်းလဲနေမည်ဖြစ်သည်။

Slide နံပါတ် (၇) ပြီးနောက် သင်ခန်းစာကို သီးခြားအပိုင်းသုံးပိုင်းအဖြစ် ခွဲထားပါသည်။ ၎င်းတွင် (က) မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများအတွက် အန္တရာယ်အလားအလာများ (Slide နံပါတ် ၈ မှ ၁၁)၊ (ခ) သတင်းအချက်အလက်အတွက် အန္တရာယ်အလားအလာများ (Slide နံပါတ် ၁၂ မှ ၁၅)၊ (ဂ) နစ်နာခံစားရသူများ/မျက်မြင်သက်သေများအတွက် အန္တရာယ်အလားအလာများ ပါဝင်သည်။ သို့သော်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

လက်တွေ့တွင်မူ ဤသို့ခွဲခြားပိုင်းကန့်ရန်မှာ မဖြစ်နိုင်သော်လည်း အန္တရာယ်အလားအလာကို အလုံးစုံခြုံငုံ အကဲဖြတ်ပြီး စီမံခန့်ခွဲသင့်ပါသည်။ ဥပမာအားဖြင့် နစ်နာခံစားရသူများ၏ အမည်များ သို့မဟုတ် အခြားသော မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားပြသနိုင်သော အချက်အလက်များကို အကာအကွယ်မပြုလုပ်ထားသည့် အီးမေးလ်များကဖြစ်စေ၊ အများသူငှာနေရာများတွင်ဖြစ်စေ ဖော်ပြခြင်းကဲ့သို့သော ဆက်သွယ်ရေးလုံခြုံမှု ညံ့ဖျင်းခြင်းကြောင့် သတင်းအချက်အလက်အန္တရာယ်အလား အလာသည် နစ်နာခံစားရသူများအား ကျူးလွန်သူများက လက်တုံ့ပြန်ခြင်း၊ မိသားစုဝင်များက ကြဉ်ပယ်ခြင်း တို့ကို ဖြစ်စေနိုင်သည့်အပြင် မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများ၏ လုံခြုံရေးကိုပါ ထိခိုက် စေနိုင်သည်။

သင်တန်းတက်ရောက်သူများသည် (Slide နံပါတ် (၈) မှ (၁၁) တွင်ပြထားသည့်အတိုင်း) ၎င်းတို့၏ လုပ်ငန်းရလဒ်ကြောင့် ကြုံတွေ့လာနိုင်ရသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် အန္တရာယ်အလားအလာများကို ဦးစွာသတိပြုမိသင့်သည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ပညာရေးကဲ့သို့သော အခြားသောကိစ္စရပ်များတွင် လုပ်ဆောင်နေသူများနှင့် မတူဘဲ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးခြင်းဖြစ်စေ၊ မှတ်တမ်းတင်ခြင်းဖြစ်စေ လုပ်ဆောင်နေသည့် ဝန်ထမ်းများ၊ (ယာဉ်မောင်းများ၊ ကြားခံလူများ အပါအဝင်) ကန်ထရိုက်တာများအပြင် ၎င်းတို့၏ မိသားစုဝင်/သူငယ်ချင်းများကိုပါ တနည်းတဖုံ ပစ်မှတ်ထားခြင်းခံရနိုင်သည်။ သင်တန်းတက်ရောက်သူများအား ၎င်းတို့ကိုယ်တိုင်၊ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များ၊ ၎င်းတို့၏ ကန်ထရိုက်တာများနှင့်အတူ ၎င်းတို့လုပ်ဆောင်နေရသည့် ဆက်စပ်ရာအကြောင်းအရာ သို့မဟုတ် အခြေအနေကြောင့်ဖြစ်စေ၊ ၎င်းတို့ ကိုင်တွယ်နေသော စုံစမ်းစစ်ဆေးမှု သို့မဟုတ် အမှုကြောင့် ဖြစ်စေ၊ ၎င်းတို့ မည်သူမည်ဝါဖြစ်သောကြောင့်ဖြစ်စေ အချက်အလက်မှတ်တမ်းတင်ရန် လုပ်ဆောင်မှုကြောင့် အန္တရာယ်အလားအလာကျရောက်နိုင်သော အခြားသောသူအားလုံးနှင့် သက်ဆိုင်သော ထူးထူးခြားခြား ခြိမ်းခြောက်မှုများကို စဉ်းစားတွေးတောရန် အားပေးတိုက်တွန်းသင့်သည်။ (ဥပမာအားဖြင့် ရာထူးမြင့်သော နိုင်ငံတော်အရာရှိများက ကျူးလွန်သည်ဟု စွပ်စွဲထားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ရာဇဝတ်မှုများကို မှတ်တမ်းတင်ရာ၌ ခြိမ်းခြောက်ခြင်းဖြစ်စေ၊ တရားရေးဆိုင်ရာ နှောင့်ယှက်ခြင်းဖြစ်စေ၊ မတရားဖမ်းဆီး ချုပ်နှောင်ခြင်းဖြစ်စေ၊ တရားလက်လွတ် သတ်ဖြတ်ခြင်းဖြစ်စေ အစရှိသဖြင့် သင့်အား နှုတ်ပိတ်ရန်ကြိုးစားခြင်း ခံရနိုင်သည်။ အကယ်၍ သင်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းမှ ရှင်သန်လွတ်မြောက်ပြီးနောက် တက်ကြွလှုပ်ရှားသူတစ်ဦး ဖြစ်လာသူဖြစ်ပါက သင့်ထံ၌ တဆင့်ခံ စိတ်ဒဏ်ရာရရှိနိုင်ချေ ပို၍မြင့်မားပြီး CARSV မှတ်တမ်းတင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရာတွင် စဉ်ဆက်မပြတ် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုလိုအပ်ပါသည်။)

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

နောက်ဆက်တွဲ (၂) [ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာအကဲဖြတ်မှုများ ပြုလုပ်ခြင်း] တွင် ဖော်ပြထားသော ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာအကဲဖြတ်မှု နည်းစနစ်ကို လိုက်နာပြီး သင်တန်းပို့ချသူသည် တိတိကျကျ သတ်သတ်မှတ်မှတ်ဖြစ်သော ခြိမ်းခြောက်မှုများ၏ ဖြစ်လာနိုင်ခြေကို အကဲဖြတ်ရန်နှင့် နှင့် *ကိုယ်တိုင်အတွက် အံဝင်ခွင်ကျရှိနိုင်သည့် အန္တရာယ်လျော့ပါးသက်သာစေသော အကြောင်းရင်းများကို* ရှာဖွေရန် သင်တန်းတက်ရောက်သူများအား အားပေးတိုက်တွန်းသင့်သည်။ ထို့အပြင် သင်တန်းတက်ရောက်သူများအား နောက်ဆက်တွဲ (၅) [အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအတွက် လုပ်ဆောင်ရမည့် ကောင်းမွန်သောအလေ့အထများစာရင်း] ကို ညွှန်းပေးရမည်ဖြစ်ပြီး ၎င်းတို့/၎င်းတို့၏အဖွဲ့အစည်းများအနေဖြင့် ဘုံခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာများကို ကာကွယ်တားဆီးရန် သို့မဟုတ် လျော့ပါးသက်သာစေရန် အသုံးပြုဖို့စဉ်းစားနေသည့် *ယေဘုယျအဖွဲ့အစည်းဆိုင်ရာ အစီအမံများကို* ထည့်သွင်းစဉ်းစားခိုင်းရမည်ဖြစ်သည်။ ဖော်ပြထားသည့် စံချိန်စံညွှန်းများသည် ခိုင်မာသော ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု အလေ့အထများကို တည်ဆောက်ရန်အတွက် အစပျိုးရာနေရာဖြစ်သည်။ မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများသည် ၎င်းတို့အနေနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုများနှင့် ဆက်စပ်ရာအကြောင်းအရာအားလုံးကို ခြုံငုံကိုင်တွယ်ရမည်ဟု တထစ်ချ ဆိုလိုထားသည်မဟုတ်ဘဲ ယင်းစံချိန်စံနှုန်းများနှင့် ကိုက်ညီရန် မဖြစ်နိုင်သော အခြေအနေများရှိသည်ကို သတိပြုရမည်။ သင်တန်းတက်ရောက်သူများအနေနှင့် ကွင်းဆင့်လေ့လာစဉ်အတွင်း ၎င်းတို့နှင့်အတူ အချိန်ပြည့် သယ်ဆောင်သွားလိုသည့် အရာများနှင့် ပစ္စည်းကိရိယာများပါရှိသော လျာထားစာရင်းတခုပါရှိသည့် နောက်ဆက်တွဲ (၆) [(လက်ဆွဲအိတ် grab bag အတွင်း) ပါဝင်ရမည့် လိုအပ်သည့် အရာများ] ကို သင်တန်းပို့ချသူသည် သင်တန်းတက်ရောက်သူများအား လက်ဝယ်ပေးအပ်ထားသင့်ပါသည်။ ထိုပစ္စည်းကိရိယာတို့သည် ၎င်းတို့၏ အထူးသီးခြားလိုအပ်ချက်များနှင့် ကိုက်ညီသင့်သည်။

လျှို့ဝှက်ထိန်းသိမ်းခြင်းကို ချိုးဖောက်မှုများသည် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်ကိုသာ ထိခိုက်စေနိုင်ရုံသာမကပဲ လူတစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် ဆိုးရွားသည့်အကျိုးဆက်များ ရှိလာနိုင်သောကြောင့် အချက်အလက်စီမံခန့်ခွဲမှုနှင့် လုံခြုံရေး (Slide နံပါတ် ၁၂ မှ ၁၅) သည် ယေဘုယျအားဖြင့် အန္တရာယ်အလားအလာစီမံခန့်ခွဲမှု၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ခိုးယူမှုဖြစ်စေ၊ စောင့်ကြည့်မှုဖြစ်စေ၊ ကြားဖြတ်နားထောင်မှုဖြစ်စေ၊ ထွင်းဖောက်ဝင်ရောက်ရယူမှု (Hacker) ဖြစ်စေ စသည်ကဲ့သို့သော သတင်းအချက်အလက်အတွက် ပို၍သိသာထင်ရှားသည့် ပြင်ပမှ ခြိမ်းခြောက်မှုများအပြင် ထိုခြိမ်းခြောက်မှုများသည် အတွင်းကလည်းလာနိုင်ပြီး ၎င်းတို့သည် ရည်ရွယ်ချက်ရှိရှိ အပြုံးထားလုပ်ဆောင်မှသာ ဆိုးရွားသော

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈

အကျိုးသက်ရောက်မှုများရှိသည် မဟုတ်ကြောင်းကို သင်တန်းပို့ချသူက အလေးအနက်ထား ပြောကြားရန်လိုအပ်သည်။ ယေဘုယျအားဖြင့်ပြောရလျှင် ကျွန်ုပ်တို့၏ ဒစ်ဂျစ်တယ်အန္တရာယ်ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်စွမ်းသည် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်ခြိမ်းခြောက်မှုများကို ဖော်ထုတ်နိုင်မှုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိသေးပါ။ ၎င်းသည် ကွန်ပျူတာကို တတ်မြောက်စွာ အသုံးချနိုင်စွမ်းဆိုင်ရာ အကန့်အသတ်ရှိသော လူများအတွက် အထူးသဖြင့် အကျုံးဝင်ပါသည်။ သင်တန်းပို့ချသူသည် သင်တန်းတက်ရောက်သူတို့က ၎င်းတို့၏လုပ်ငန်းခွင်တွင် အသုံးပြုနိုင်မည့် ဆော့ဖ်ဝဲလ်နှင့် အခြားဒစ်ဂျစ်တယ်ကိရိယာများကို ကောင်းစွာနားလည်သဘောပေါက်ရန် ၎င်းတို့အတွက် မည်မျှအရေးကြီးကြောင်းနှင့်အတူ သင်တန်းသားများအနေနှင့် ကွန်ပျူတာများ၊ ဖုန်းများ၊ အခြားမိုဘိုင်းလ်စက်ပစ္စည်းများ၏ လုံခြုံရေးအပ်ဒိတ်များကို လုပ်ဆောင်ထားကြောင်း၊ နောက်ဆုံးပေါ် အက်ပလီကေးရှင်းနှင့် အခြားသောဆော့ဖ်ဝဲလ်များ၊ ကိရိယာနှင့် နည်းပညာအသစ်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း သေချာစေရမည်။

ဥပမာအားဖြင့် သင်တန်းတက်ရောက်သူအချို့သည် ဓာတ်ပုံနှင့်/သို့မဟုတ် ဗီဒီယိုများကို လုံခြုံစွာရိုက်ကူးရန်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရက်စက်ကြမ်းကြုတ်မှုများကို မှတ်တမ်းတင်ပြီး ကုဒ်ဝှက်ထားသည့်ဒေတာအချက်အလက်ကို လုံခြုံသောသိုလှောင်သိမ်းဆည်းထားသည့်နေရာသို့ ပေးပို့ရန် အထူးတီထွင်ပြုလုပ်ထားသည့် မိုဘိုင်းလ်အက်ပလီကေးရှင်းများ သို့မဟုတ် အခြားဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြုရန်၊ မပြုရန်ကို စဉ်းစားသုံးသပ်နိုင်သည်။ ထိုကိရိယာများတွင် အလွန်အသုံးဝင်သော စွမ်းပကားတချို့တလေရှိနိုင်သော်လည်း သင်တန်းတက်ရောက်သူများသည် မိမိကိုယ်မိမိ အောက်ပါမေးခွန်းများမေးရန် အရေးကြီးသည် - စမတ်ဖုန်းတွေ ဒါမှမဟုတ် အခြားစက်ပစ္စည်းတွေမှာ ဒီလိုအက်ပလီကေးရှင်းတွေနဲ့ ကုဒ်ဝှက်ထားတဲ့ဒေတာတွေရှိနေတာက မလိုလားအပ်တဲ့ အာရုံစိုက်မှုတွေ မခံရနိုင်ဘူးလား။ ဒီအကြောင်းအရာကို အွန်လိုင်းပေါ်အပ်လုဒ်တင် (Upload) ပြီးတာနဲ့ ဘာတွေဖြစ်သွားမလဲ။ ဒီအကြောင်းအရာကို စုဆောင်းနေတဲ့အချိန်မှာ အလိုအလျောက် ကုဒ်ဝှက်ထားသလား ဒါမှမဟုတ် အပ်လုဒ်တင်ပြီးမှပဲ ကုဒ်ဝှက်တာလား။ အပ်လုဒ်တင်ပြီးတာနဲ့ ဒီအကြောင်းအရာရဲ့ နောင်တချိန်အသုံးပြုမှုကို ဘယ်သူက ပိုင်ဆိုင်/ထိန်းချုပ်မှာလဲ။ ဘယ်နိုင်ငံမှာ ဆာဗာက ရှိပြီးတော့ ဒါက ကိုယ်ရေးကိုယ်တာ ဒါမှမဟုတ် အစိုးရက စောင့်ကြည့်တဲ့ ပြဿနာတွေကို ပေါ်ပေါက်စေနိုင်သလား။

ချိတ်ဆက်ဆက်သွယ်လျက်ရှိနေသော ဒေတာအချက်အလက် (“ကူးလူးနေဆဲ အချက်အလက်”) နှင့် သိမ်းဆည်းထားသော ဒေတာအချက်အလက် (“ရွေ့လျားမှုမရှိသောအချက်အလက်”) နှစ်ခုလုံးကို လွှမ်းခြုံမှုရှိသည့် ဖြစ်နိုင်ချေရှိသော ခြိမ်းခြောက်မှုများနှင့် လျော့ပါးသက်သာစေရေး အစီအမံများကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သင်တန်းတက်ရောက်သူများအနေဖြင့် ထည့်သွင်းစဉ်းစားရန် သင်တန်းပို့ချသူက သေချာစေရမည်။ "ကူးလူးနေဆဲ အချက်အလက်" တွင် ဥပမာအားဖြင့် မျက်နှာချင်းဆိုင်စကားပြောမှု၊ တယ်လီဖုန်းခေါ်ဆိုမှု၊ Skype သို့မဟုတ် အခြားအင်တာနက်အခြေပြု စကားပြောဆိုမှုများ၊ အီးမေးလ်များပို့မှု၊ အွန်လိုင်းစာများပို့မှု၊ စာသား သို့မဟုတ် အသံမက်ဆေ့ဂျ်များ၊ cloud သိုလှောင်ရာနေရာတွင် အပ်လုဒ်လုပ်ထားသည့် သို့မဟုတ် ထိုနေရာမှ ဒေါင်းလုဒ်လုပ်နေသည့် အချက်အလက်များနှင့် ၎င်းတို့၏ meta ဒေတာများ စသည်တို့ပါဝင်ပြီး "ရွေ့လျားမှုမရှိသောအချက်အလက်" တွင် ဥပမာအားဖြင့် လက်ဆုပ်လက်ကိုင်ရှိသော မိတ္တူများ သို့မဟုတ် စားပွဲခုံများ၊ မော်တော်ယာဉ်များတွင် ထားခဲ့သော စာရွက်စာတမ်းများပါရှိသော USB များ၊ ဖိုင်မီဒီများတွင် သိမ်းဆည်းထားသော ဖိုင်အချက်အလက်များ၊ ဟာ့ဒ်ဒရိုက် သို့မဟုတ် cloud သိုလှောင်ရာနေရာ သို့မဟုတ် ဒစ်ဂျစ်တယ်ကိရိယာများတွင် သိမ်းဆည်းထားသော ဒစ်ဂျစ်တယ်ဖိုင်များနှင့် ၎င်းတို့၏ meta ဒေတာများ စသည်တို့ပါဝင်သည်။ သင်တန်းပို့ချသူသည် သင်တန်းတက်ရောက်သူများအား သတင်းအချက်အလက်များကို ကာကွယ်ရန် ၎င်းတို့/၎င်းတို့၏ အဖွဲ့အစည်းများက လုပ်ဆောင်နိုင်သည့် ဖြစ်နိုင်ခြေအဆင့်များကို စဉ်းစားတွေးတောရန် အားပေးတိုက်တွန်းသင့်ပြီး ၎င်းတို့အား ထိုအဆင့်များတွင် *အဖွဲ့အစည်းဆိုင်ရာအဆင့်*၌ အသုံးပြုသော အစီအမံများ ပါဝင်နိုင်သကဲ့သို့ ရုံးပရဝုဏ် ပတ်ဝန်းကျင်များကို ကာကွယ်ရန်အတွက် *လက်တွေ့ကျသော အစီအမံများ* နှင့်အတူ *အပြုအမူပိုင်းဆိုင်ရာ အစီအမံများ* စသည်တို့ ပါဝင်နိုင်ကြောင်းကို မီးမောင်းထိုးပြပါ။ *အဖွဲ့အစည်းဆိုင်ရာအဆင့်* ဟုဆိုရာတွင် ဥပမာအားဖြင့် တသွေမတိမ်း သိထားရန်လိုအပ်သည့် အခြေခံအနေဖြင့် သတင်းအချက်အလက်မျှဝေခြင်း အလေ့အထများ၊ ထိလွယ်ရှလွယ်သော သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ခြင်းဆိုင်ရာ သတင်းအချက်အလက် လုံခြုံရေးမူဝါဒများ၊ ဒေတာအချက်အလက်ဆက်သွယ်ရေးနှင့် သိမ်းဆည်းခြင်း၊ ဆိုရှယ်မီဒီယာအသုံးပြုခြင်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကာလအတွင်း ၎င်းတို့ကို ကိုင်တွယ်မှု၊ ဆက်သွယ်ရေးလုံခြုံရေးနှင့် ဒစ်ဂျစ်တယ်ကိရိယာများနှင့် ပတ်သက်၍ ဝန်ထမ်းများကို လေ့ကျင့်ပေးခြင်း၊ လျှို့ဝှက်ထိန်းသိမ်းခြင်းကို ချိုးဖောက်မှုကို ချက်ချင်းထုတ်ဖော်ပြောကြားခြင်းအတွက် စည်းကမ်းပိုင်းဆိုင်ရာ အကျိုးဆက်များမရှိခြင်း စသည်တို့ အကျုံးဝင်ပါသည်။ *လက်တွေ့ကျသော အစီအမံများ* တွင် ဥပမာအားဖြင့် သော့ခတ်နိုင်သည့် လုံခြုံသောတံခါးများနှင့် ပြတင်းပေါက်များ၊ လေ့ကျင့်သင်ကြားထားသည့် လုံခြုံရေးဝန်ထမ်းများ၊ မီးငြိမ်းသတ်ရေးကိရိယာများ၊ စာရွက်စာတမ်းများကို ဘေးကင်းစွာ ဖျက်ဆီးပစ်ရန် စက္ကူဖျက်စက်များထားရှိခြင်း စသည်တို့ ပါဝင်သည်။ *အပြုအမူပိုင်းဆိုင်ရာ အစီအမံများ* တွင် ဥပမာအားဖြင့် အီလက်ထရွန်းနစ်ပစ္စည်းများ သို့မဟုတ် အတိမ်းအစောင်းမခံ သတိထားရသော အချက်အလက်များကို အိမ် သို့မဟုတ် ကားထဲမှာ ချန်မထားပါနှင့်။ သင်မရှိလျှင်လည်း သတင်းအချက်အလက်တွေကို သင့်အိမ်ထဲ၌ရှိသော သန့်ရှင်းရေးသမား၊ ဆောက်လုပ်ရေးသမား စသည်တို့အား ဘယ်တော့မှ အသုံးပြုခွင့်မပြုသကဲ့သို့ တက္ကစီ သို့မဟုတ် ကော်ဖီဆိုင်တို့၌ လုပ်ဖော်ကိုင်ဖက်များနှင့် အရေးကြီးသော

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

အချက်အလက်တွေကို ဆွေးနွေးခြင်းမပြုဘဲ၊ လူမှုမီဒီယာ၌ သင်၏လက်ရှိနေထိုင်ရာတွေအကြောင်းတို့ကို ဓာတ်ပုံ သို့မဟုတ် အချက်အလက်များ တင်ခြင်းမျိုးမပြုလုပ်ခြင်း စသည်တို့ ပါဝင်သည်။

သင်ခန်းစာ၏နောက်ဆုံးအစိတ်အပိုင်း (Slide နံပါတ် ၁၆ မှ ၁၉) သည် ၎င်းတို့၏မိသားစုဝင်များ/သူငယ်ချင်းများနှင့် အသိုင်းအဝိုင်းများအပါအဝင် နစ်နာခံစားရသူများနှင့် မျက်မြင်သက်သေများအတွက် အန္တရာယ်အလားအလာများကို စီမံခန့်ခွဲခြင်းအကြောင်းနှင့် ပတ်သက်၍ အကျုံးဝင်ပါသည်။ ၎င်းနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်နှင့် ဗျူဟာများကို ဤလုပ်ထုံးလုပ်နည်း တစ်လျှောက်လုံးတွင် တွေ့ရှိနိုင်ပြီး အခန်း (၇) [မထိခိုက်စေပါနှင့်]၊ အခန်း (၉) [အစီအစဉ်ချမှတ် ခြင်း]၊ အခန်း (၁၁) [တွေ့ဆုံမေးမြန်းခြင်း] တို့တွင် အသေးစိတ်ဖော်ပြထားသည်။ နစ်နာခံစားရသူများနှင့် မျက်မြင်သက်သေများအတွက် ဖြစ်နိုင်ချေရှိသော ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာများ (ဥပမာ- လူမှုရေးအရအမြင်စောင်းခံရခြင်း၊ ကွာရှင်းပြတ်စဲခံရခြင်း၊ မိသားစုမှ ကြဉ်ပယ်ခံရခြင်း၊ အိမ်ထောင်ရေး အခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ ပညာသင်ကြားခွင့် သို့မဟုတ် အသက်မွေးဝမ်းကျောင်းခွင့် ဆုံးရှုံးရခြင်း၊ လုံလုံလောက်လောက် လေ့ကျင့်သင်ကြားမှု မရှိခဲ့သော ဝန်ဆောင်မှုပေးသူများ၏ လိင်ပိုင်းဆိုင်ရာ ထိခိုက်လွယ်မှုနှင့်ပတ်သက်သော သိနားလည်မှု မရှိခြင်းကြောင့် ပြန်လည် စိတ်ဒဏ်ရာရခြင်း၊ ဖမ်းဆီးခံရခြင်း၊ ထိန်းသိမ်းခံရခြင်း စသည်ဖြင့်) ကို ဆွေးနွေးတိုင်ပင်ရာတွင် သင်တန်းပို့ချသူသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ အကျိုးသက်ရောက်မှုကို အခန်း (၂) [လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း] ပါ Slide များကို ပြန်လည်ရည်ညွှန်းနိုင်ပြီး/နိုင်သကဲ့သို့ (ကျူးလွန်သူ၊ မိသားစုနှင့် အသိုင်းအဝိုင်း၊ မြေပြင်တွင် လက်တွေ့ကျင့်သုံးအသုံးချသူများ၊ အဖွဲ့အစည်းများ) နစ်နာခံစားရသူများကို အန္တရာယ်ပေးနိုင်မည့်သူများကို ပြသထားသည့် အခန်း (၇) [မထိခိုက်စေပါနှင့်] ပါ ပုံကို ပြန်လည်ရည်ညွှန်းနိုင်သည်။

အချက်အလက်မှတ်တမ်းတင်သူများသည် အစီအစဉ်ချမှတ်ခြင်းအဆင့်တွင် ဖြစ်နိုင်ချေရှိသော ခြိမ်းခြောက်မှုများကို သုတေသနပြုမှုလုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လူတစ်ဦးတစ်ယောက်ချင်း၊ ဒေသန္တရနှင့် ရပ်ရွာအန္တရာယ်များအကြောင်းကို နစ်နာခံစားရသူနှင့် မျက်မြင်သက်သေများထံမှ ကြားသိရန် ၎င်းတို့နှင့် တိုင်ပင်သင့်သည်။ သို့သော်လည်း နစ်နာခံစားရသူ/မျက်မြင်သက်သေနှစ်ဦးစလုံးသည် အန္တရာယ်ခြိမ်းခြောက်မှုများကို အသိအမှတ်မပြုခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းဖြင့် အန္တရာယ်အလားအလာများကို မလျှော့ချနိုင်ခြင်းကိုသော်လည်းကောင်း၊ ထိုနည်းတူ အတိတ်က စိတ်ထိခိုက်စရာ အတွေ့အကြုံ သို့မဟုတ် သတင်းအချက်အလက် နည်းပါးမှုကြောင့် အခြေအမြစ်မရှိသော အကြောက်တရားများရှိနေနိုင်သည်ကိုလည်းကောင်း နှစ်ခုစလုံးကို သတိပြုသင့်သည်။ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များသည် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များနှင့် ဤအုပ်စုတစ်စုစီရှိ

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

လူတစ်ဦးတစ်ယောက်ချင်းအကြား၌ ကွဲပြားနိုင်သည်။ လူတစ်ဦးတစ်ယောက်ချင်းစီသည် အခြားရာဇဝတ်မှုအမျိုးအစားများနှင့်ယှဉ်လျှင် ထိုရာဇဝတ်မှုများထက် ၎င်းတို့၏ CARSV နှင့်ပတ်သက်သည့်အချက်အလက်များ၏ လုံခြုံရေးကိုကာကွယ်ခြင်းနှင့် ၎င်းတို့၏နာမည်ဝှက်ထားခြင်းကိုသေချာစေရန်အပေါ် ပိုမိုစိုးရိမ်မှုရှိနိုင်သည်။ ၎င်းတို့၏ ဇာတ်လမ်းဖြစ်စဉ်ကို ပြောပြသူတစ်ဦးအတွက် စိတ်ခံစားမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များသည် အခြားသော ရာဇဝတ်မှုများထက်စာလျှင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ပြောပြရာတွင် ပိုမိုဆိုးရွားပြင်းထန်နိုင်သည်။ အခြေအနေများအရ ၎င်းသည် ကလေးသူငယ်များ၊ အမျိုးသားများနှင့် ပတ်သက်လျှင် အထူးသဖြင့် အကျုံးဝင်မှန်ကန်သည်။

ရှာဖွေသတ်မှတ်ဖော်ထုတ်ထားသော ခြိမ်းခြောက်မှုတစ်ခုစီတိုင်းအတွက် သင်တန်းတက်ရောက်သူများသည် နစ်နာခံစားရသူ/မျက်မြင်သက်သေများအပေါ် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ခံစားရမှု၏ပြင်းထန်မှုနှင့်အတူ ခြိမ်းခြောက်မှုဖြစ်နိုင်ချေ သို့မဟုတ် အန္တရာယ်အလားအလာနှင့် ဖြစ်နိုင်ခြေရှိသောလျှော့ပါးသက်သာရေးအစီအမံများကို အကဲဖြတ်သုံးသပ်ရန် လိုအပ်ကြောင်း သင်တန်းပို့ချသူမှ သင်တန်းတက်ရောက်သူများအား အသိပေးသင့်သည်။ ဘေးဥပါဒ်အားလုံးကို အစဉ်ရှောင်ရှားရန် မဖြစ်နိုင်ပေ။ အချို့သောအန္တရာယ်များသည် မှန်းဆ၍မရနိုင်သကဲ့သို့ အချို့သောလူများအနေနှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသည်များကို သတိပေးရုံမျှဖြင့် ပြင်းထန်စွာ ပြန်လည်စိတ်ဒဏ်ရာရရှိနိုင်ပါသည်။ သင်တန်းတွင် ပို့ချရမည့် အဓိကသတင်းစကားမှာ ၎င်းတို့၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်အလားအလာအကဲဖြတ်မှု၏ နိဂုံးချုပ်သုံးသပ်ချက်တွင် လျှော့ပါးသက်သာရေးအစီအမံများကို ထည့်သွင်းစဉ်းစားထားသော်လည်း အန္တရာယ်အလားအလာသည် အလွန်မြင့်မားနေပါက သက်သေ သို့မဟုတ် အချက်အလက်ကို လိုက်ရှာခြင်း မလုပ်ဆောင်သည်ဖြစ်စေ၊ နစ်နာခံစားရသူ/မျက်မြင်သက်သေနှင့် ဆက်သွယ်ခြင်းကို နောက်အဆင့်သို့ ရွှေ့ဆိုင်းသည်ဖြစ်စေ ပြုလုပ်သင့်ပါသည်။

သင်တန်းပို့ချသူသည် သင်တန်းသားများအား ၎င်းတို့သည် အချက်အလက်မှတ်တမ်းတင်သူများအနေဖြင့် နစ်နာခံစားရသူ/မျက်မြင်သက်သေတို့၏ကိုယ်စား ၎င်းတို့အနေဖြင့်အကာအကွယ်လိုအပ်နေကြောင်း ဆုံးဖြတ်ခြင်းအားဖြင့် နစ်နာခံစားရသူ/မျက်မြင်သက်သေများအား ကလေးသဖွယ်ပြုမှုဆက်ဆံခြင်းကို ရှောင်ကြဉ်သင့်ကြောင်း သတိပေးသင့်သည်။ အခြေအနေ၏ အသေးစိတ်အချက်အလက်အပေါ်မူတည်၍ ၎င်းတို့အနေဖြင့် ၎င်းတို့ကိုယ်တိုင် (နှင့် အခြားသူများ) အတွက် အန္တရာယ်အလားအလာများကို အပြည့်အဝ သိရှိနားလည်မှုသာလျှင် နစ်နာခံစားရသူ/မျက်မြင်သက်သေသည် ၎င်း၏အန္တရာယ်နှင့်ပတ်သက်၍ ခံနိုင်ရည်ရှိမှုအပေါ် အဆုံး၌ အဓိကအဆုံးအဖြတ်ပေးသူ တည်ရှိနေမည်ဖြစ်ပြီး မှတ်တမ်းတင်သူများသည်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

နစ်နာခံစားရသူ/မျက်မြင်သက်သေများ၏ ထင်မြင်ချက်နှင့် ၎င်းတို့၏ အချက်အလက် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်လိုစိတ်ကို ဦးစားပေးသင့်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈